ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်

**ကြေညာချက်အမှတ်( ၇ / ၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်
(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက် )

## ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ ကိုယ်စားလှယ်လုပ်ငန်းလိုင်စင် အရည်အချင်းစစ် စာမေးပွဲ ဖြေဆိုရမည့် နေရာ ၊ နေ့ရက်နှင့်အချိန်ကြေညာခြင်း

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်သည် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ ကိုယ်စားလှယ်လုပ်ငန်းလိုင်စင် ဖြေဆိုနိုင်ရန်အတွက် စာမေးပွဲ အစီအစဉ်အား အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

(က) **ဖြေဆိုသူသည်**

- စာမေးပွဲဖြေဆိုမည့် နေ့ရက်၌ မှတ်ပုံတင်မူရင်း တပါးတည်း ယူဆောင်လာရမည်ဖြစ်ပါသည်။ ( စာမေးပွဲဖြေဆိုသူအား မှတ်ပုံတင်မူရင်းနှင့် တိုက်ဆိုင်စစ်ဆေးရန်ဖြစ်ပါသည်)

(ခ) **စာမေးပွဲကျင်းပမည့်နေရာ**

- ရန်ကုန်စတော့အိပ်ချိန်း၊ အမှတ်(၂၄-၂၆)၊ ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

(ဂ) **စာမေးပွဲ ကျင်းပမည့်နေ့ရက်**

- ၇ - ၁၂ - ၂၀၁၉ ရက်နေ့ (စနေနေ့)

(ဃ) **စာမေးပွဲကျင်းပမည့် အချိန်**

- နံနက် ၁၀:၀၀ နာရီမှ နေ့လယ် ၁၂:၀၀ နာရီထိ ( စာမေးပွဲဖြေဆိုမည့် အချိန်မတိုင်မီ မိနစ် ၃၀ ခန့် ကြိုတင်ရောက်ရှိရမည် ဖြစ်ပြီး စာမေးပွဲ စတင်ဖြေဆိုရမည့်အချိန်ထက် နောက်ကျပါက စာမေးပွဲ ဖြေဆိုခွင့်ပြုမည်မဟုတ်ပါကြောင်း)

(င) **လိုင်စင်သက်တမ်း- ၂နှစ်**

(စ) **ဆက်သွယ်ရန်ဖုန်းနံပါတ်**

- ၀၁-၃၇၃၁၉၂ ၊ ၀၁-၃၇၃၁၉၈

ဥက္ကဋ္ဌ(ကိုယ်စား)
(တင်တင်အုန်း၊အတွင်းရေးမှူး)